KPSN

# ကရင် ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ရက်၏ ကြေညာချက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်။

**တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ပြီး ဖက်ဒရယ် ဒီမိုကရေစီကို ညီညွတ်စွာ တောင်းဆိုရမည်။**

ကရင် ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက်သည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAO) အား စစ်အာဏာရှင် အသစ်ကို တရားဝင် အသိအမှတ်မပြုရန် နှင့် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖြစ်ပွားခဲ့သော စစ်အာဏာသိမ်းမှုကို တိုင်းရင်းသား လူထု လူမှု အဖွဲ့အစည်းများနှင့် ဒီမိုကရေစီရေး လှုပ်ရှားမှု အဖွဲ့အစည်းများနှင့် အတူ ပူးပေါင်းလျက် ပြစ်တင်ရှုတ်ချရန် တောင်းဆိုလိုက်သည်။

EAOများသည် လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရပ်တန့်ပြီးဆုံးသွားပြီကို အသိအမှတ်ပြုရမည်။ မြန်မာစစ်တပ်သည် နယ်မြေများ ပိုမိုသိမ်းပိုက်ရန်နှင့် မဟာဗျူဟာအရ အသာစီးရစေရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းရေး သဘောတူစာချုပ် (NCA) ကို အကြိမ်ကြိမ် ချိုးဖောက်ခဲ့ပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ရိုးသားဖြောင့်မတ်သော ဆွေးနွေးဖက် မည်သည့်အခါမှ မဟုတ်ခဲ့သည်ကို အသိအမှတ်ပြုရမည်။ အတင်းအဓမ္မ အာဏာသိမ်းယူခဲ့သော စစ်အာဏာရှင်နှင့် ငြိမ်းချမ်းရေး ရှိနိုင်မည်မဟုတ်သလို သူတို့သည် သူတို့ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကတိကဝတ်များမည်သို့ပင် ရှိစေကာမူ တိုင်းရင်းသား အရပ်သားများအပေါ် ဆက်လက် စစ်ပြုနေဦးမည်ဖြစ်သည်။ ဆက်လက်ပြုလုပ်မည့် မည်သည့် ငြိမ်းချမ်းရေး ဆွေးနွေးမှုမျိုးကိုမဆို ချက်ချင်း ရပ်ဆိုင်းရမည်။

မိမိတို့ အပေါ် အနိုင်ယူရန် ချမှတ်သော စစ်တပ်၏ သွေးခွဲ အုပ်ချုပ်မှုများကို မိမိတို့ ခွင့်မပြုရပေ။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြားတွင် လက်တွေ့ အလုပ်ဖြစ်သော မဟာမိတ်အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းထူထောင်ပြီး အာဏာရှင်သစ်ကို ရင်ဆိုင်ရန် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးများကို ရှင်းလင်းစွာ ကတိကဝတ်ပြုထားသည့် လူမျိုးပေါင်းစုံ၊ တိုးတက်သော လူမှု အဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့၏ ထောက်ခံမှုကို ရရှိသည့် ညီညွတ်သော တပ်ဦးကို တည်ဆောက်ရမည်။ တိုင်းရင်းသားဖြစ်မှု၊ ကိုးကွယ်သည့် ဘာသာ သို့မဟုတ် ကျား-မ မခွဲခြားပဲ လူတိုင်းအတွက် တန်းတူအခွင့်အရေးရှိသည့် စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီအတွက် မိမိတို့ အတူအကွ အလုပ်လုပ်ကြရမည်။

EAO များသည် ဖမ်းဆီးမှုနှင့် ထောင်ချမှု ဘေးအန္တရာယ်နှင့် ကြုံတွေ့ရင်ဆိုင်နေရသည့် တက်ကြွလှုပ်ရှားသူများနှင့် သတင်းသမားများကို သူတို့၏ ထိန်းချုပ်နယ်မြေတွင် ပံ့ပိုးမှုနှင့် လုံခြုံသော နေရာတို့ကို တက်ကြွစွာ ပေးရမည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအနေဖြင့် နိုင်ငံတကာ အလှူရှင်များကို ယခုအခါ အလုပ်မဖြစ်တော့သော ပူးတွဲ ငြိမ်းချမ်းရေး ရံပုံငွေသို့ ထည့်ဝင်မှုများ ရပ်ဆိုင်းရန် တောင်းဆိုရန် နှင့် ယင်းအစား ယခင်နှင့် ယခု အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူများ၏ လုံခြုံရေးအတွက် ပံ့ပိုးသော အကူအညီများ အပါအဝင် EAO အဖွဲ့များနှင့် လက်တွဲဘက်ဖြစ်သော အစိုးရမဟုတ်သော လူထုလူမှု အဖွဲ့အစည်းများနှင့် အတူလက်တွဲ လုပ်ဆောင်ရန် တိုက်တွန်းသင့်သည်။

**၂၀၀၈ ဖွဲ့စည်းပုံသည် အသုံးမဝင်တော့ပါ။**
**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တို့မှာ ရပ်တန့်ပြီးဆုံးသွားပါပြီ။**
**မိမိတို့အားလုံးသည် ဖက်ဒရယ် ဒီမိုကရေစီ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်အတွက် အလုပ်လုပ်ကြရတော့မည်။**